အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

## ကျောင်းသားလူငယ်များအပေါ်မတရား အပြစ်ပေးအရေးယူခြင်းနှင့် ပါတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင်

- ရွှေဝါရောင် တော်လှန်ရေး၌ ဦးဆောင်ပါဝင်ခဲ့သော (၈၈) မျိုးဆက်သစ်ကျောင်းသား (၁၄) ဦး (ကိုပဏ္ဍိတ်ထွန်း၊ ကိုဂျင်မီ (ခ) ကိုကျော်မင်းယု၊ ကိုမင်းဇေယျ၊ ကိုအံ့ဘွယ်ကျော်၊ ကိုဇေယျ၊ ကိုသက်ဇော်၊ ကိုအေးသန်း (ခ) ကိုသန့်တင်၊ ကိုကျော်ကျော်ထွေး၊ ကိုဇော်ဇော်မင်း၊ မနီလာသိန်း၊ မမာမာဦး၊ မစန္ဒာမင်း၊ မမီးမီး (ခ) မသင်းသင်းအေး၊ မသက်သက်အောင်) တို့အား နအဖ စစ်အစိုးရက ထောင်ဒဏ် (၆၅) နှစ်စီ ချမှတ်လိုက်ခြင်း၊
- လူ့အခွင့်အရေးလှုပ်ရှားသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ် မစုစုနွေးကိုလည်း ထောင်တွင်းတရားရုံးတစ်ခုက ထောင်ဒဏ် (၁၂) နှစ်နှင့် (၆) လ၊ မစုစုနွေးနှင့် လက်တွဲဆောင်ရွက်သူ ကိုဘိုဘိုဝင်းလှိုင်ကို ထောင်ဒဏ် (၈) နှစ် ချမှတ်လိုက်ခြင်း
- ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့သူ (၉) ဦး ဖြစ်သော ကိုပြည့်ဖြိုးလှိုင်အား ထောင်ဒဏ် ၂၄ နှစ်၊ ကိုနေလင်းအောင်အား ထောင်ဒဏ် ၁၀ နှစ်၊ ကိုသီဟသက်ဇင်နှင့် ကိုသီဟအောင်အောင်တို့အား ထောင်ဒဏ် ၈ နှစ်စီချမှတ်လိုက်ခြင်း၊
- ကိုဝင်းမော်ကိုထောင်ဒဏ် (၇) နှစ်၊ ကိုမြတ်စံနှင့် ကိုအောင်ကြီးတို့အား ထောင်ဒဏ် (၂) နှစ်စီ ချမှတ်လိုက်ခြင်း စသော သတင်းများကို ကြားသိရသည့်အတွက်မိမိတို့အနေဖြင့် လွန်စွာမှပင် စိတ်ပျက်ဝမ်းနည်းဖွယ်ရာ ဖြစ်ခဲ့ရပါသည်။

နအဖ စစ်အစိုးရမှ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ကျောင်းသားလူငယ်တို့၏ ဖိနှိပ်ခံရမှုကို ခေါင်းငုံမခံဘဲ ရဲဝံ့စွာ တော်လှန် တိုက်ပွဲဝင်သည့် လှုပ်ရှားမှုကို ၄င်းတို့အနေဖြင့် အလွန်တုန်လှုပ် ကြောက်ရွံ့သည်ကို ဖေါ်ပြလိုက်ခြင်းပင် ဖြစ်ပေသည်။

ကျောင်းသားလူငယ်များ၏ အကြမ်းမဖက်သော လှုပ်ရှားမှုကို အာဏာပါဝါများကိုစွဲကိုင်ထားသော၊ လက်နက်များကို စွဲကိုင်ထားသော စစ်အာဏာရှင်တို့မှ ယခုလိုအပြစ်ဒဏ်ပေးခြင်းသည် ယဥ်ကျေးသိမ်မွေ့သော လူ့ဘောင်လောကကြီးတွင် ရှက်ဖွယ်လိလိဖြစ်ပေသည်။

ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အထွေထွေ အကျပ်အတည်းကြီးကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ဘဲ ကျောင်းသားနှင့် ပြည်သူလူထုကို ဆန့်ကျင် တိုက်ပွဲဝင်ကြရန်အတွက် တိုက်ပွဲခေါ်လိုက်ခြင်းသာ ဖြစ်ပေသည်။

မိမိတို့အနေဖြင့် မတရားမှုကို တိုက်ပွဲဝင်ရင်း အနစ်နာခံနေကြရသော ကျောင်းသားပြည်သူများ၊ ရဟန်းသံဃာတော်များကို လေးစားဂုဏ်ပြု ဦးညွှတ်လိုက်ပြီး စစ်အာဏာရှင်စနစ် သက်ဆိုးမရှည်စေရေးအတွက် ရှိသည့်အင်အားများကို အစွမ်းကုန် အသုံးပြု၍ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သံဓိဌာန်ပြုလိုက်ရပါသည်။

မဟာမိတ်အင်အားစုများနှင့် ပြည်သူလူထုတရပ်လုံးမှလည်း လက်ရှိအခြေအနေများကို မှန်ကန်စွာသုံးသပ်၍ စည်းလုံး ညီညွတ်မှု အင်အားဖြင့် စစ်အုပ်စုအား တိုက်ပွဲဝင်သွားကြပါရန် လေးစားစွာဖြင့် တိုက်တွန်းလိုက်ရပါသည်။

" အာဇာနည် ပုဂ္ဂိုလ်တို့၏ လုပ်ငန်းကို ဆုံးခန်းတိုင် ဆက်လက်၍ ဆောင်ရွက်ရမည်"

*ဗိုလ်ချုပ်အောင်ဆန်း*

ဗဟိုကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
ရက်စွဲ။ ။ ၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့